
သိန်းမင်း
စာပေ
သမုဒယငှက်ကလေးနားခိုရာ
လုံးချင်းဝတ္ထုသစ်
ပန်းချီ သိန်းရွှေကြည်

## အခန်း (၁)
## ငှက်ကလေးသုံးကောင်

နေခြည်အလင်းလေး ဖြာထွက်လာတဲ့ နံနက်အရုဏ်ဦး ငါးနာရီခွဲမှာ မွေးဖွားလာတာမို့ ပါပါးက အမြတ်တနိုးပေးထားတဲ့ နာမည်လေး.. 'နေခြည်လင်းလဲ့' တဲ့ ..။

ဒါပေမဲ့ သမီးလေးကို နေရောင်လို မပူပြင်းစေချင်ဘူး၊ ခြည်က ချည်လို့ အသံထွက်ပြီး ရှုပ်ထွေးမှု ရစ်ပတ်မှု ပျော့ညံ့မှုတွေ မဖြစ်စေချင်ဘူး.. သမီးလေးကို 'နေခြည်' လို့ မခေါ်ဘူး၊ ကလက်မှာ စိုးလို့ လဲ မခေါ်ဘူး.. အမှောင်အတွက် အဖိုးတန်တဲ့ အလင်း.. လောကအတွက် အားသစ်ပေးမယ့် 'အလင်း' သမီးကို 'လင်း' လို့ ပဲ ခေါ်ကြတယ်...။

လင်းက အေးချမ်းတယ် သိမ်မွေ့တယ်.. နူးညံ့တယ် မတုန်မလှုပ်နဲ့ ဘာမှ ဒေါသမရှိသလို မောဟတို့ လောဘတို့ လည်း မရှိဘူး လင်းဘဝ က ပြည့်စုံနေတာပဲလေ။

စွမ်းပြည့်သည် ရန်ကုန်လေဆိပ်သို့ ဆိုက်ရောက်မည်ဆိုကတည်းက ခါးပတ်ပတ်ကာ တိမ်တိုက်များကို ငုံ့ကြည့်ရင်းက လေဆိပ်တွင် တွေ့ရမည့် 'နေခြည်လင်းလဲ့'အကြောင်းကို တွေးနေလိုက်သည် ။

ဦးသက်ဦးက သူ ရန်ကုန်ပြန်မည်ဆိုကတည်းက တလင်းထဲလင်းကာ သမီးအကြောင်း တဖွဖွပြောလျက် ရှိနေသည် ။

ထို့ကြောင့် ရန်ကုန်လေဆိပ်တွင် တွေ့ရမည့် နေခြည်လင်းလဲ့ပုံသဏ္ဌာန်ကို မှန်းကြည့်နေမိ၏။

စွမ်းပြည့်လည်း မြန်မာပြည်နှင့် ကင်းဝေးနေသည် မှာ ငါးနှစ်နီးပါး ရှိနေလေပြီ။ မိဘများက သူ့အား ၁၀ တန်းအောင်ကတည်းက အမေရိကားသို့ခေါ်ကာ အလုပ်လုပ်ရင်း ကျောင်းတက်စေသည် ။ မိဘများ နှင့် အတူ အလုပ်ဝင်ရင်းက ဦးသက်ဦးနှင့်တွေ့ပြီး ရှယ်ယာဝင်သည် အထိ ခင်မင်သွားကြ၏။

ယခု.. စွမ်းပြည့်က မြန်မာပြည်ပြန်လာကာ လုပ်ငန်းချဲ့ထွင်ရန်အတွက် ရေခံမြေခံနှင့် အနေအထားများကို လေ့လာကြည့်ရှုရန်ဖြစ်သည် ။ ဦးသက်ဦး၏ လုပ်ငန်းများ နှင့် အတူတူပင် ဖြစ်၏။

'ရောက်ပြီပဲ...'

လေယာဉ်ဘီးနှင့် မြေပြင်နှင့် ထိတွေ့၍ သိမ့်ခနဲဖြစ်သွားသလို သူ့ရင်ထဲလည်း ငြိမ့်ခနဲ ဖြစ်သွား၏။

သူ.. အေးဆေးစွာ ထိုင်နေပြီး မှန်ပေါက်မှ တစ်ဆင့် ရန်ကုန်လေဆိပ်ကို ကြည့်လိုက်သည် ။ ကြိုသူတွေက အမိုးပေါ်မှ ဖွေးဖွေးလှုပ်လို့ ထိုထဲတွင် နေခြည်လင်းလဲ့လည်း ပါဝင်ပေလိမ့်မည်။

'လင်းကို စွမ်း.. အကဲခတ်နိုင်တယ်.. လေ့လာနိုင်တယ်.. မင်းတို့ လူငယ်ချင်း ကျေနပ်ကြရင် အန်ကယ် ဘာမှ မပြောဘူး၊ မကျေနပ်ရင်လဲ ပွင့်လင်းစွာနဲ့ ဝေးဝေးနေပေ့ါကွာ.. အဲ.. တစ်ခုတော့ ပွင့်လင်းစွာ မှာ လိုက်မယ်... လင်းက သိပ်အေး သိပ်ရိုးတော့ စွမ်းက လင်းကို စိတ်တိုင်းမကျဘူးဆိုရင် ကြိုတင်ပြီး ဝေးဝေးရှောင်လိုက်ပါ.. လင်းကို ဝေဒနာတွေပေးပြီးမှ ခွဲမသွားပါနဲ့ လို့ ကြိုပြောပါရစေ.. လင်း ဘာမှ မခံစားခင် အရင်ခွဲထွက်သွားပါ'

အမေရိကားရောက်နေသည် မှာ ၁၀နှစ်နီးပါးရှိနေသော ဦးသက်ဦး က အနောက်နိုင်ငံ၏ ဖခင်ပီသစွာ သမီးရှင်အတွက် ပွင့်လင်းစွာ ပြောခဲ့ သည် ။

စွမ်းပြည့်၏ မိဘများက ဦးသက်ဦးသမီးကိုသာ စဉ်းစားမှ သူတို့ ကျေနပ်ကြမည်ဖြစ်ကြောင်း အတိအလင်းပြောထား၏။ ဦးသက်ဦးက တော့ သမီးကို မြတ်နိုးစွာပင် ဝေဒနာမခံစားစေချင်သော စေတနာနှင့် ' မကြိုက်လျှင် စောစောရှောင်သွား..' 'မကြိုက်ဘဲနဲ့ .. အားနာပြီး ဝေဒနာ တွေ မပေးနဲ့ ' ဟူသောသဘောနှင့် ပြောချလိုက်ခြင်းဖြစ်သည် ။

'ဦးသက်ဦး သမီးဆိုတာနဲ့ တစ်ဝက်ဟာ သေချာနေပါပြီ လင်းရယ်.. စွမ်းဟာ မိဘထက်တောင် အန်ကယ့်အပေါ်မှာ ပိုပြီး လက်ပွန်းတတီး ရှိ ပါတယ်ကွာ"

နောက်ဆုံးမှာ အေးဆေးစွာထွက်ပြီး သေတ္တာတစ်လုံးကို ရွေးရန်သာ ရှိသည် မို့ ဧည့်ခန်းဆိုဖာမှာ အေးဆေးစွာထိုင်ပြီး ပန်းချီကားများကို ငေး ကြည့်နေ၏။

ယောက်ျားလေးပီပီ စောင့်မျှော်နေမည့် မိန်းကလေးကို စိတ်မရှည် အောင် ညှဉ်းထားတာတော့ မဟုတ်ပေ။ နိုင်ငံခြားသားများ နှင့် ပြည်ပ သို့ သွားအလုပ်လုပ်သည့် အိမ်ထောင်ရှင်များကို ဦးစားပေးလိုက်ခြင်း ဖြ စ်သည် ။ ကလေးများ နှင့် ကလေးအမေများက အပြင်မှာ လည်တဆန့် ဆန့်နှင့် ဖြစ်နေရှာရော့မည်။

သူ့သေတ္တာကိုရွေးပြီး ဂိတ်မှ ထွက်လာစဉ် သူ့မျက်လုံးများက မနားမ နေ လည်ပတ်ကစားနေသည် ။

'နေခြည်လင်းလဲ့' ကိုမတွေ့ရပေ၊ လူအတော်ပါးနေပြီ ဖြစ်၏။

ခုံတန်းလျားတစ်ခုတွင် ခြေချိတ်ပြီး ထိုင်နေသည့် နေကာမျက်မှန်နှင့် ဘောင်းဘီရှည်အညို ဖျော့ဖျော့ကိုဝတ်ပြီး အင်္ကျီအဝါတောက်တောက်ကို အတွင်းခံပြီး သားရေဝေ့စကုပ်အညိုရင့်ကို ထပ်ဝတ်ထား၏။

'အဲဒါတော့ မဖြစ်နိုင်ဘူး'

သူ မျက်နှာလွှဲလိုက်သည်၊ ဦးသက်ဦးပြောသည့် 'လင်း' နှင့် ကွာချင်တိုင်း ကွာနေ၏။

သို့ရာတွင် သူမျက်နှာလွှဲလိုက်ကာမှ သူမက ထ လာပြီး သူ့ထံသို့ တည့်တည့်မတ်မတ် ရောက် လာလေသည်။

'ဦးစွမ်းပြည့်နော်'

သူ.. အံ့အားသင့်စွာ ငေးကြည့်လိုက်၏။

'ကိုစွမ်းပြည့်လား...'

သူ၏ ငယ်ရွယ်မှုကို ထောက်၍ ပြုံးစေ့စေ့နှင့် အခေါ်အဝေါ် ပြောင်းသောအခါ သူက ကပျာကယာ ခေါင်းညိတ်ပြလိုက်သည်၊ ပါးစပ်ကလည်း ဖြေလိုက်၏။

'ဟုတ်ပါတယ်.. ကျွန်တော် စွမ်းပြည့်ပါ'

'ကျွန်မ.. နေခြည်လင်းလဲ့...'

'ဟာ..'

ဘယ်လိုမှ ထိန်းချုပ်မရနိုင်ဘဲ 'ဟာ' ခနဲ ဖြစ်သွားသည်။

သူမက ပြုံးတုံ့တုံ့နှင့် မျက်မှန်လေးချွတ်ကာ..

'ပါပါး.. ပြထားတဲ့ ဓာတ်ပုံနဲ့ တူတယ်မဟုတ်လား'

'ဩော်.. ဟုတ်ကဲ့ တူပါတယ်'

ပုခုံးပေါ် ဝဲကျနေသော ဆံပင်ကို ခေါင်းနှင့် ဆတ်ခနဲ လှန်တင်လိုက်ရင်း ပြုံးလိုက်သည်။ ဓာတ်ပုံထဲက အပြုံး.. ရုပ်လည်း တူပါသည်။

'ဆောရီး လင်း.. ဓာတ်ပုံနဲ့ အပြင်မှာ ပုံတူမဖြစ်နိုင်ဘူးဆိုတာ ကျွန်တော်မေ့သွားတယ်'

'လင်းက မတူလို့ လား'

'ဂုတ်စားဆင်ယင်မှုကလွဲပြီး အားလုံးတူပါတယ်'

'ကျွတ်... ပါပါးက လင်းကို ၁၉ရာစုမှာ ပဲ ထားခဲ့ချင်နေတာပဲလေ၊ ဒါကြောင့် ပါးပါးဆီကို ပါးပါးအကြိုက်တွေပဲ ပို့ရတာပေ့ါ.. ကဲ.. ကိုစွမ်းပြည့် သွားစို့နော်.. ပစ္စည်းက ဒါပဲလား.. လူကြီးမင်း.. ဒီကစောင့်.. လင်းက ကားသွားထုတ်လိုက်မယ်'

စွမ်းပြည့် ဘာမှ မပြောနိုင်မိ လေကဲ့သို့ လျင်မြန်စွာ ထွက်သွားလေပြီ။

စွမ်းပြည့် ပါးစပ်အဟောင်းသားနှင့် ကျန်ခဲ့၏။

'လင်းက ရိုးတယ်.. အေးတယ်' ဟူသော အန်ကယ်ဦးသက်ဦး၏ စကားကိုသာ ကြားယောင်လျက် ရှိသည်။

ခဏအကြာတွင် ခဲရောင် ပါဂျဲရိုးကားကြီးကို မောင်း၍ သူ့ရှေ့ ဆိုက်လာလေသည်။ အတွင်းမှ တံခါးများကို သူမက ဖွင့်ပေးပြီး စွမ်းပြည့်အား ရှေ့ခန်းမှာ ထိုင်စေသည်။

ထို့နောက် စွမ်းပြည့် ထိုင်လိုက်ပြီးသောအခါ ဘီးလေးကိုလှိမ့်၍ ငြိမ့်ညောင်းစွာ ထွက်လာပုံမှာ နူးညံ့လှသည်။

ကားမှန်များ အလုံပိတ်ထားသောအခါ အေးသော မွှေးပျံ့သော ရနံ့လေးများက သူ၏ ဇဝေဇဝါစိတ်ကို ပို၍ ဝေဝါးစေသည် ။

စွမ်းပြည့် သက်ပြင်းသဲ့သဲ့ ချလိုက်၏။ သူ မြန်မာပြည်နှင့် ကင်းဝေးနေသည် မှာ ငါးနှစ်သာ ရှိသေးသည် ။ ထိုငါးနှစ်ကာလအတွင်း အပြောင်းအလဲများ စွာ ဖြစ်ခဲ့၏။ ထိုအပြောင်းအလဲများမှာ မိန်းမသားများ ၏ အပြောင်းအလဲက လွန်စွာ မြန်ဆန်လွန်းလှသည် ။

လေဆိပ်တွင် မြန်မာဆန်ဆန် ထဘီဝတ်ထားသော ဆယ်ကျော်သက်များကို မတွေ့ရတော့ပေ။ စကပ်လိုလို ထဘီလိုလိုနှင့် တစ်ကိုယ်လုံးကျပ်ထုပ်စီးထားသလို ကျပ်ထားပြီး ခြေသလုံးနေရာကို တံကောက်ကွေးအထိ ခွဲထားကြသဖြင့် တရုတ်ရိုးရာ ဝတ်စားဆင်ယင်မှုနှင့် တူနေ၏။

‘ကိုစွမ်းပြည့် နေဖို့ ထိုင်ဖို့ ကို လင်း အားလုံး စီစဉ်ထားပြီးပါပြီ’

‘ကျေးဇူးပဲ လင်း’

‘ပါပါးက အားလုံးပြောထားတာပဲလေ’

‘အန်ကယ်သက်ပြောလို့ စီစဉ်ထားတာပေါ့’

‘အင်း.. ဧည့်သည် လာမယ်ဆိုရင် ဒီလိုပဲ စီစဉ်ရမှာ အိမ်ရှင်ဝတ္တရားလေ’

လင်းက သူ့ဘက်ကို ခေါင်းလေး ငဲ့ကြည့်ရင်းက ပြောလိုက်သည် ။

လင်း၏ အပြုံး လင်း၏ လှုပ်ရှားဟန်များက သွက်လက်မြူးကြွနေ၏ ။

ကားစတီရာတိုင်ကို ကိုင်ထားသော လက်များကလည်း တည်ငြိမ်လျ

က် ဖွဖွလေး ဆုပ်ကိုင်ထားသည် ။ လက်သည်းရှည် သွယ်လျလျလေးတွင် ချောကလက်ရောင်နုလေး ဆိုးထား၏။ ထိုအရောင်နှင့် လင်း၏ ဖြူဝင်းသောအသားတို့ လိုက်ဖက်လှသည် ကို စွမ်းပြည့် သတိထားမိသည် ။

လင်းသည် ဘယ်အလုပ်မဆို တည်ငြိမ်အေးဆေးစွာ လုပ်တတ်ကြောင်းကို လင်း၏ ကားမောင်းဟန်က ပေါ်လွင်နေ၏။

ကားကို မှန်မှန်မောင်းပြီး အမြန်မောင်းလာသည့် ကားများကို ကျော်တက်စေရန် နေရာဖယ်ပေးလေ့ရှိသည့် မှတ်တိုင်ရပ်သော လိုင်းကားမှလွဲ၍ တခြားကားများကို အလျင်စလို မကျော်တက်ပေ။

လင်းက သူမနေထိုင်ရာ အင်းလျားလမ်းဘက်သို့ မကွေ့တော့ဘဲ မြို့ထဲသို့ ဦးတည်သွားနေသည် ကို သတိထားမိလိုက်သည် ။

'လင်း.. ဘယ်ကိုမောင်းနေတာလဲ၊ ကိုယ်လဲ မြန်မာပြည်မရောက်တာကြာလို့ မျက်စိလည်ကုန်ပြီ'

'ကိုစွမ်းပြည့်က ဘယ်ထင်လို့ လဲ'

'မြို့ထဲ သွားနေလားလို့ '

လှပစွာပြုံးလျက် ခေါင်းညိတ်လိုက်သည် ။

'ဟုတ်တယ်လေ၊ အစ်ကို့ကို ပို့ပေးမလို့ ပေါ့၊ လင်းငှားထားတဲ့ အခန်းကိုတွေ့ရင် ကြိုက်သွားမှာ ပါ၊ ဆူးလေနားမှာ လေ၊ တံခါးဖွင့်လိုက်တာနဲ့ ဆူးလေဘုရားကို စောစောဝတ်ဖြည့်လို့ ရတယ်'

သူက အလွန်အံ့ဩဟန်ဖြင့် ငေးကြည့်မိသည် ၊ အန်ကယ်သက်ဦးက သူ့အိမ်မှာ ပင် တည်းနိုင်ရန် ပြောထားခြင်းဖြစ်သည် ။

'ပါပါးကတော့ အိမ်မှာ တည်းဖို့ ပြောချင်ပြောလိမ့်မယ်၊ ဒါပေမဲ့.. လ

င်း စဉ်းစားကြည့်တယ်လေ၊ လင်းက အလုပ်သိပ်များ တာ၊ အစ်ကိုစွမ်းပြည့်ကလဲ အလုပ်နဲ့ လာတာဆိုတော့ မြို့ထဲမှာ နေတာ ပိုအဆင်ပြေမှာ ပေါ့၊ ပြီးတော့ အစ်ကို စွမ်းပြည့် အနေကျဉ်းမှာ လဲ စိုးတယ်။ တည်းခိုခန်းမှာ ဆိုတော့ လွတ်လွတ်လပ်လပ် နေလို့ ရတာပေါ့'

ရင်ထဲမှာ မကျေမနပ်ဖြစ်သွား၏။

'ကိုယ်က ဒီမှာ နှစ်နှင့်ချီ ကြာမှာ လေ'

'ကိစ္စမရှိပါဘူး၊ အဲဒီတည်းခိုခန်းက လင်း ရှယ်ယာပါပါတယ်'

သူ ဘာမှ မပြောသာတော့၊ အံ့သြရသလို မကျေမနပ်နှင့် မတင်မကျဖြစ်သွားတာကတော့ အမှန်တကယ်ပင်။

***

'သူက လင်းကို အားနာလို့ ထင်တယ်၊ တည်းခိုခန်းမှာ ပဲ တည်းတယ် ပါးပါး၊ လင်းကတော့ သူ့သဘောပဲပေါ့၊ ကိစ္စမရှိပါဘူး ပါပါး.. လင်းသူနဲ့ သိပ်ရင်းနှီးလာတဲ့ အခါ လင်းအိမ်မှာ လာတည်းမှာ ပါ'

'ပတ်ဂန်းကျင်အမြင်က မတင့်တယ်ဘူး ပါပါး၊ လင်းမှာ က မိဘအုပ်ထိန်းမှုနဲ့ မနေရဘဲ လင်းဘာသာလင်း ရပ်တည်နေရတော့ ပတ်ဂန်းကျင်က လင်းကိုဆို မျက်စိထောက်ပြီး ကြည့်နေကြတာ.. လင်းသာ ခြေလှမ်းမှားရင် သိပ်ပြောကြမှာ '

'ဒီမှာ က ပါပါးတို့လို အနောက်နိုင်ငံ မဟုတ်ဘူး လေ၊ မြန်မာပြည် ပါပါးရဲ့ ၊ အဲဒါကိုလဲ သတိထားဦးမှ ပေ့ါလေ'

'တော်ပြီ ပါပါး ဒီကိစ္စ နောက်မှ ဆွေးနွေးကြမယ်.. အစ်ကိုစွမ်းဆီ ဖုန်းဆက်ချင်ရင် နောက်မှ ဆက်၊ သူအနားယူပါစေဦး.. ဂွတ်နိုက်နော် ပါပါး'

လင်းက စကားပြောခွက်ကိုချလိုက်ပြီး သူ့ဘက်လှည့်ကာ ပြုံးလိုက်၏။ သူက သက်ပြင်းလေး ခိုးချလိုက်သည် ။

'ကြားတယ်နော် အစ်ကို.. အနောက်နိုင်ငံနဲ့ မြန်မာပြည်က အဲဒါတွေ ကွာတာကို ပါပါးက မေ့နေတယ်လေ… အစ်ကို့ကိုမေးရင် လင်းပြောသလိုပဲ ပြောလိုက်ပါ၊ နို့မဟုတ်ရင် ပါးပါးက သိပ်အားနာပြီး လင်းကို ဖိဆူနေဦးမယ်'

'ကိုယ်နားလည်ပါတယ်ကွာ.. လင်းကြိုက်သလို စီစဉ်ပါ ကိုယ်က လ

င်းလက်ခုပ်ထဲက ရေပဲ’

‘လင်းစိတ်မကောင်းအောင် ပြောတာလား အစ်ကို.. အစ်ကို ဒီမှာ စားချင်ရာစား ငွေတစ်ပြားမှ မထုတ်နဲ့ ၊ ကားကို မနက်စောစော အရောက်ပို့ထားမယ်၊ ၇နာရီပေ့ါ အစ်ကိုသုံးချင်တာသုံး တစ်ပတ်နှစ်ပတ်တော့ လမ်းကျွမ်းအောင်လို့ ဒရိုင်ဘာထည့်ပေးမယ်၊ နောက်တော့ အစ်ကို့ဘာသာ စိတ်ကြိုက်သွားလာလို့ ရပါတယ်.. အစ်ကို့အတွက် လင်းအိမ်မှာ နေတာထက် ပိုအဆင်ပြေတယ်ဆိုတာ နားလည်သွားမှာ ပါ’

‘ကိုယ်.. လင်းကို သိပ်ကျေးဇူးတင်ပါတယ်’

‘အစ်ကိုက ခနဲ့ တတ်သားပဲ’

‘ မဟုတ်ဘူး .. အစ်ကိုက လူပျိုလူလွတ်ပဲ လွတ်လွတ်လပ်လပ် နေချင်တယ်လေ.. ဟိုမှာ တောင် ကိုယ့်မိဘနဲ့ မနေဘူး၊ ကိုယ့်ဘာသာကိုယ် ငှားနေတာ.. အခု အန်ကယ်သက်က အတင်းတိုက်တွန်းလို့ ဟုတ်ကဲ့လို့ ကတိပေးရတာပါ’

လင်းက ခနဲ့ စကားအထင်နှင့် မျက်နှာမကောင်းဖြစ်သွားသဖြင့် ကပျာကယာလေး ရှင်းပြလိုက်သောအခါ လင်း၏ မျက်နှာလေး ပြန်လည်၍ ကြည်လင် လာလေသည် ။

‘ဒါပေမဲ့ မနက်ဖြန်မနက်တော့ လင်းတို့ အိမ်ကို လာခဲ့ပါအစ်ကို.. လင်းမုန့်ဟင်းခါး ချက်ထားမယ်၊ ၆ နာရီ မနက်စာစားတယ်မဟုတ်လား.. လင်း ကားလွှတ်လိုက်မယ်နော်၊ အဲဒီအခါမှာ ပါးပါးအကြောင်းကို အေးအေးဆေးဆေးပြောကြတာပေ့ါနော်၊ ကဲ.. အစ်ကို အနားယူလိုက်ပါဦး’

‘ကောင်းပါပြီ.. ကဲ ရော့ လင်းဖေဖေ လူကြုံပါးတဲ့ အိတ်.. အဲဒီထဲမှာ လွှန်ခဲ့တဲ့ သုံးလေးနှစ်ကတည်းကစပြီး လင်းအတွက်ဝယ်ထားတဲ့ အဖိုး

တန်ပစ္စည်းတွေပါ…'

'ကျေးဇူးတင်ပါတယ် အစ်ကို'

လင်းသည် ဖခင်၏ လက်ဆောင်ကို ပျော်ရွှင်စွာ လှမ်းလိုက်၏။ ထို့နောက် ကလေးတစ်ယောက်အသွင်နှင့် မြူးထူးစွာ ထွက်သွားတော့သည် ။

လင်းထွက်သွားမှ သူ့အိပ်ခန်းတံခါးကို ပိတ်ကာ သံသယအတွေးများဖြင့် ဖြန့်ချ လိုက်လေသည် ။

လင်းမှာ ဖခင်က မသိအောင် ပြုမူထားတဲ့ ကိစ္စရှိလို့ လား

လင်း အိမ်ထောင်ကျနေပြီလား..

လင်း ဘာလို့ သူ့ကို အိမ်မှာ မထားချင်ရတာလဲ။

အန်ကယ်သက်ဦးပြောတော့ 'အိပ်ခန်းငါးခန်းပါသောတိုက်တွင် ဘယ်နေရာနေနေ အဆင်ပြေတယ်၊ ငါ့ဆီမှာ နေရင် ပြီးရော၊ သမီးကို အနီးကပ်စောင့်ရှောက်ပေးပါ' ဟု တဖွဖွမှာ သည် ကို ကြားယောင်နေမိ၏ ။

'မဟုတ်သေးဘူး လင်း.. မင်းမှာ တစ်ခုခုတော့ လျှို့ဝှက်ထားတာ ရှိနေပြီ…'

မြန်မာမုန့်ဟင်းခါး.. မစားရတာကြာပြီဖြစ်သောကြောင့် စွမ်းပြည့်မှာ တော်တော်လေး သဘောကျသွားသည် ။ နံနံပင် ပဲသီးအကြော် ဘဲဥတို့ နှင့် ပြည့်စုံအောင် ဇွန်းနှင့် နယ်ဖတ်စားသည် ကို ကြည့်ရင်းက လင်းမှာ သဘောကျစွာ ပြုံးကြည့်နေသည် ။

'လင်းရော.. စားပြီးပြီလား'

‘ဟင့်အင်း’

‘ဒါဖြင့် လာလေ.. စားရအောင်’

‘လင်း.. မုန့်ဟင်းခါးမှ မကြိုက်တာ’

‘ဟင်’

သူ အလွန်အံ့ဩသွားသည် ။ မြန်မာအမျိုးသမီးတို့ နှစ်သက်သော အစားအစာများ စာရင်းတွင် မုန့်ဟင်းခါးနှင့် လက်ဖက်မှာ ထိပ်ဆုံးမှ ပါဝင်သည် ။

‘စားတော့ စားပါတယ်၊ ဒါပေမဲ့ ဟင်းရည်နဲ့ နည်းနည်းပဲပေါ့’

‘လက်ဖက်ရော စားလား’

‘လက်ဖက်တော့ စားပါတယ်၊ ဒါပေမဲ့ အကြိုက်ကြီး မဟုတ်ဘူး ပေါ့’

‘ဒါဖြင့် လင်း ဘာကြိုက်လဲ’

‘လက်ဖက်ရည်ပြင်းပြင်း ကြိုက်တယ်’

ပြုံးစေ့စေ့နှင့်ပြောပြီး သူ့ရှေ့မှ လက်ဖက်ရည်ပန်းကန်ကို မြှောက်ပြလိုက်သည် ၊ သူက ပခုံးနှစ်ဖက်ကို တွန့်လိုက်၏။

‘အစ်ကိုက ဒါကြောင့် ပါးပါးနဲ့ တွဲဖြစ်တာကိုး.. ပါးပါးကလဲ မုန့်ဟင်းခါး သိပ်ကြိုက်တာ’

‘ကျွန်တော်လဲ အစတုန်းက သိပ်မကြိုက်ဘူး.. ဟိုရောက်မှ ဥရောပ အစားအစာတွေချည်းပဲဆိုတော့ ရိုးပြီး တစ်ခါတလေ စားရတဲ့ မုန့်ဟင်းခါးကို လွမ်းကြိုက် ကြိုက်သွားတာပါဗျာ’

‘လွမ်းကြိုက်.. အစ်ကိုက လွမ်းရင် ကြိုက်လား’

‘ဝေးတော့ လွမ်းတယ်၊ လွမ်းတော့ တသသဖြစ်တယ်ပေါ့ဗျာ’

‘ကဲ.. ဒါဖြင့် မုန့်ဟင်းခါးစားပြီး ပါးပါးလိုပဲ ကော်ဖီခါးခါးနဲ့ စီးကရက်လေး ခဲဦးမှာ လား’

‘သေချာတာပေါ့.. စီးကရက်က ငါးသုံးလုံးဆိုတာရော အန်ကယ့်အကြိုက်လား’

‘အစစ်ပဲ ပါးပါးက ဒီမှာ ရှိကတည်းက ငါးသုံးလုံးပဲ သောက်တာ’

လင်းက ပြုံးရွှင်စွာဖြင့် ကော်ဖီခရားကို သူ့ရှေ့ တိုးပေးလိုက်သည် ။ ထို့နောက် ငါးသုံးလုံးဘူးထည့်ထားသော ငွေခွက်ကလေးကို ဖွင့်ပြလိုက်၏။

‘ကျေးဇူးပဲ လင်း’

‘အစ်ကိုနဲ့ လင်းကြားမှာ အဲဒါကြီး ကာမထားကြေးကွယ်’

‘ဘာကိုလဲ’

‘ကျေးဇူးဆိုတဲ့ မဟာတံတိုင်းကြီးကိုပေါ့’

‘အော်’

လင်း စကားကြောင့် သူ သဘောကျစွာ ပြုံးမိလိုက်သည် ။ ချစ်စဖွယ် စကားကို တီတာတာလေး ပြောတတ်၍ သူမအား ဖခင်က လွန်စွာချစ်ခင်ခြင်း ဖြစ်ပေမည်။

‘အစ်ကိုတို့ က အနောက်တိုင်းက လာပြီး ဘာလုပ်ပေးပေး ကျေးဇူးဆိုတဲ့ စကားကို တွင် တွင် သုံးတယ်နော်။ လင်းတို့ ကတော့ ကျေးဇူးဆိုတာကို စိမ်းကားတယ်ဆိုလို့ ထင်တယ်၊ အစ်ကို့ကို လင်းလုပ်ပေးထိုက်လို့ လုပ်ပေးတာပဲ မဟုတ်လား၊ ဒါကို ကျေးဇူးတင်စရာမလိုပါဘူး၊ အဲဒီ

ကျေးဇူးကြီးက ခင်မင်မှုနဲ့ မဆိုင်သလိုချည်းဘဲ’

လင်းက ပေါင်မုန့်မီးကင်ကို ဖွဖွလေးကိုင်ရင်း ပြောသည် မို့ သူက လင်း၏ စားပုံပြောပုံကို မသိမသာ အကဲခတ်မိသည် ၊ စိတ်ထဲမှာ မရှင်းဖြစ်နေ၏။

‘ကျေးဇူးဆိုတာ ခင်မင်မှုနဲ့ မဆိုင်တာကို ကိုယ်လက်ခံတယ် လင်း၊ ဒါပေမဲ့ ကျေးဇူးဆိုတာ စိမ်းကားတာမဟုတ်ပါဘူး၊ သူစိမ်းတွေရဲ့ အပြောအဆိုလဲ မဟုတ်ပါဘူး၊ တကယ် ကျေးဇူးတင်လို့ ပါကွယ်၊ လင်း မကြိုက်ရင် မပြောတော့ပါဘူး၊ မုန့်ဟင်းခါးက သိပ်စားကောင်းတာပဲ၊ လင်းချက်တာတော့ မဟုတ်ဘူး ထင်တယ်’

စွမ်းပြည့်သည် တမင်အချိန်ဆွဲ၍ စကားကြာအောင် ပြောရင်းက အိမ်၏ ပတ်ဝန်းကျင်ကို ဝေ့ဝဲကြည့်မိသည် ။

ယခုထိ ဒရိုင်ဘာနှင့် ဟင်းရည်ပန်းကန် လာချပေးသည့် ဒေါ်မှုံဟူသော အမျိုးသမီးကြီးကိုသာ တွေ့ရသည် ။ တခြား မည်သူမှ မတွေ့ရသေးပေ။

‘အသေအချာပဲ အစ်ကို၊ လင်းက မီးဖိုချောင်မှာ အချိန်ကုန်မခံချင်ဘူး ၊ ကိုယ်ကြိုက်တာရော မကြိုက်တာပါ ဘာမှ ဝင်မလုပ်နိုင်ဘူး၊ ဒေါ်မှုံပဲ ချက်တာပေါ့’

‘ခုနက ပြုံးပြုံးရွှင်ရွှင် အဒေါ်ကြီးလား’

‘မပြုံးပါဘူး၊ အမြဲမှုံနေလို့ ဒေါ်မှုံလို့ ပြောတာပဲ အစ်ကိုကလဲ’

လင်းက သဘောကျစွာဖြင့် ရယ်လိုက်စဉ် နှုတ်ခမ်းပါးလေးအောက်မှ သွားတက်ကလေးများ ဖြင့် အလွန်လှသော မိန်းကလေးဖြစ်သည် ဟု မှတ်ချက်ချလိုက်မိသည် ။

‘ဘယ်နှယ့်လဲ အန်ကယ်ပေးလိုက်တဲ့ ပစ္စည်းကို ကြိုက်ရဲ့ လား’

‘အော်.. အင်း.. ကြိုက်ပါတယ်၊ ပါပါးက ဝယ်တတ်သားပဲနော်’

‘ကိုယ်ပါ လိုက်ဝယ်ပေးထားတာပါ၊ လင်းနဲ့ လိုက်ဖက်မယ်ထင်လို့ ’

‘အမယ်.. အစ်ကိုက လင်းကိုဖြင့် မမြင်ဖူးဘဲနဲ့ ’

‘မြင်ဖူးပါတယ်’

‘ဘယ်မှာ လဲ’

‘ဓာတ်ပုံထဲမှာ ’

‘ဟင်.. ဓာတ်ပုံလဲ မရှိဘဲနဲ့ ’

‘ရှိတယ်လေ၊ အဲဒါနဲ့ ငယ်ငယ်ကပုံ၊ ဘာလို့ ဓာတ်ပုံရိုက်မပို့တာလဲ’

‘ဟင်း.. လင်းက ဓာတ်ပုံရိုက်မှ ဝါသနာမပါတာ၊ အဲဒါကို ပါးပါးက အတင်းပို့ခိုင်းနေတာပဲ၊ ဒါကြောင့် ငယ်ငယ်ကပုံ ပို့လိုက်တာပဲရှိတာ’

ထိုစဉ် မှန်ပြတင်းအပြင်ဘက်မှ မျက်နှာလေးတစ်စုံ ပေါ်လာပြီး ပြူးတူးပြဲတဲနှင့် သူတို့ အား ချောင်းကြည့်နေသည် ကို အမှတ်မထင်တွေ့လိုက်ရသောအခါ သူ့စကား အရှိန်ပျက်သွား၏။

လင်းကလည်း သူ့မျက်လုံးအမူအရာနှင့် အနေအထားကြောင့် ရုတ်တရက်လှည့်ကြည့်ပြီး မျက်မှောင်တွန့်ကာ..

‘ကလေးတွေက သိပ်စပ်စုတာပဲ’

မျက်နှာဖြူဖြူလေး၏ အသွင်သဏ္ဍာန်မှာ ရုတ်တရက် ပျောက်ကွယ်သွားလေသည် ။

‘လင်းအိမ်မှာ မိဘမဲ့ကလေးတွေ ခေါ်ထားတယ်၊ ဆွေနီးမျိုးစပ်ပေါ့၊

သနားလို့ ’

‘ဟုတ်လား၊ ကုသိုလ်ရတာပေါ့၊ လင်းက သဘောဖြူမလေးပဲ’

သူ့ရင်ထဲတွင် အန်ကယ်ဦးသက်ဦးနှင့်ပတ်သက်၍ စကားမြောက်မြားစွာ ပြောမိနေသည် ။

‘လင်းလိုမိန်းကလေးကိုမှ မနှစ်သက်ရင် ကျွန်တော် ဘယ်သူ့ကို နှစ်သက်ရမှာ လဲ’

‘အစ်ကို ဘယ်ကိုသွားမလဲ’

‘မြန်မာပြည်ကို အပြန်မှာ လူကြုံတွေ တစ်ပွေ့တစ်ပိုက်ကြီး ပါလာတယ် လင်း၊ အဲဒါတွေ လိုက်ပို့ရမယ်’

‘အစ်ကို့ရဲ့ လူကြုံလိုက်ပို့တဲ့ ကိစ္စမှာ လင်း လိုက်ပေးပါ့မယ်၊ သုံးရက်လောက် အစ်ကို့အတွက် အချိန်ပေးထားမယ်၊ သုံးရက်ကျော်ရင် အစ်ကို့အလုပ် အစ်ကိုလုပ်၊ လင်းလဲ လင်းအလုပ် လုပ်မယ်လေ’

‘လင်းက ဘာတွေလုပ်နေလဲ၊ အန်ကယ်ပြောတော့ လင်းက ဘာမှ မလုပ်ဘူးဆို’

‘ဟင်.. ပါပါးကို ဘာမှ မပြောဘူး ပါပါးက ပါပါးရှာတာ လင်းတစ်ယောက်ထဲ အတွက်ပဲတဲ့ ၊ လင်းက မပြောဘူးပေါ့’

လင်းက နွဲ့မူမူလေးပြောကာ ကျောလယ်ခန့်ရှိသော ဆံပင်ဖွာဖွာလေးကို ဘီးနှင့်တစ်ချက် သပ်လိုက်၏။

‘အစ်ကို စဉ်းစားကြည့်လေ လင်းက အသက်နှစ်ဆယ်ကျော်ပြီပဲ၊ ပညာရေးကလဲ မထူးချွန်တော့ အလုပ်ကလေးလုပ်ပြီး ပါပါးရှာတာကို တိုးပွားအောင် လုပ်ချင်တာပေါ့၊ လင်း အိမ်ထဲမှာ မနေချင်ဘူးအစ်ကို လူ

ပ်လုပ်ရှားရှားနဲ့ အလုပ်လုပ်ချင်တယ်၊ လင်းရဲ့ လုပ်အားနဲ့ ရတဲ့ ငွေကို လင်း မြတ်နိုးတယ်လေ’

‘ဒါများ လင်းရယ်၊ အန်ကယ်က လင်းကို ခေါ်သားပဲ ဘာလို့ မလာတာလဲ’

‘လင်း မြန်မာပြည်က မခွဲချင်ဘူး၊ ပြီးတော့ ဘိုးဘွားပိုင်အိမ်ကြီးမှာ လင်း စောင့်ရှောက်ချင်တယ်၊ လင်းမှ မစောင့်ရှောက်ရင် ဘယ်သူ လာပြီး စောင့်ရှောက်ပေးမှာ လဲ’

‘လင်းက သိပ်လိမ်မာတဲ့ သမီးလေးပါလား’

သူ လှိုက်လှိုက်လှဲလှဲ ချီးကျူးလိုက်သည် ၊ လင်းကို ပို၍ ပင် အထင်ကြီးလေးစားမိ၏။

‘ကဲ.. အစ်ကို ဘယ်စသွားမလဲ ထမင်း ဒီမှာ ပြန်စားမယ်၊ အစ်ကို့ကို မြန်မာထမင်းဟင်းကို ကျွေးချင်သေးတယ်၊ နောက်မှ အစ်ကို စားချင်တာကိုစား ဒီနေ့မှာ မြန်မာဟင်းဖြစ်တဲ့ ငါးပြေမဆီပြန်၊ ဒန့်ဒလွန်သီးချဉ်ရည်၊ ကြက်သားသုပ်၊ ငပိတို့ စရာ ကဲ.. ကြိုက်ရဲ့ လား’

‘သိပ်ကြိုက်ပါတယ်၊ ဒါပေမဲ့ မုန့်ဟင်းခါးနဲ့ ဗိုက်ပြည့်နေလို့ နောက် ထပ်စားစရာ ထပ်မစဉ်းစားသေးဘူး၊ ကဲ.. လင်း အဂတ်သွားလဲလေ’

‘ဟင့်အင်း.. ပြီးပြီ သွားရုံပဲ’

မြန်မာပြည်ကို နှစ်သက်သော်လည်း ဆင်စွယ်ရောင်ဂါဝန်နှင့် ဆင်စွယ်ရောင်နားကွင်းဂတ်ကာ ဒေါက်ဖိနပ်ချွန်ချွန်လေးစီးထားသော လင်း၏ အမူအရာကား ဆယ်ကျော်သက် အထက်တန်းကျောင်းသူလေးနှင့် တူလှသည် ။

‘အော် အစ်ကို ကားပေါ်တက်နှင့် လင်းမှာ စရာရှိသေးလို့ ခဏနော်’

လင်း လှစ်ခနဲပြေးကာ မီးဖိုထဲလှည့်ဝင်သွားစဉ် သူက ဧည့်ခန်းကိုဖြတ်၍ ပေါ်တီကိုအောက်တွင် အသင့်ရပ်ထားသော ပါဂျဲရိုးကားဆီသို့ လှမ်းလာခဲ့သည် ။

ရုတ်တရက် သူ့ခြေလှမ်းများ ရပ်တန့်သွား၏။ ကားဘေးနားတွင် လှစ်ခနဲပြေးထွက်သွားသော အဝါရောင်ဂါဝန်ရှည်နှင့် ကောင်မလေးကို တွေ့လိုက်ရသည် ။ ခါးလည်ခန့်ရှည်သော ဆံပင်နက်နက် ရှည်ရှည်လေးမှာ ဝဲခနဲဖြစ်သွားအောင်အထိ လျင်မြန်စွာ ပြေးထွက်သွားလေသည် ။

စောစောက သူ ထမင်းစားခန်းတွင် ရှိစဉ် တွေ့ရသော ကောင်မလေးဟု သံသယဖြစ်မိသွား၏။

လင်းမှာ သလို ကားနားမသွားတော့ဘဲ ဧည့်ခန်းလည်သို့ ပြန်လျှောက်ခဲ့ပြီး သတင်းစာကို ကောက်ယူလိုက်၏။

'ဒေါ်မှုံကလဲ ကျွန်မပြောထားသားနဲ့ သူ့ကို သေသေချာချာထိန်းထားပါလို့၊ သူက ဧည့်သည် ကို လာချောင်းကြည့်နေတော့ ကောင်းလား'

'အေး.. ဒေါ်မှုံက ထိန်းထားပါတယ်၊ ဒီမှာ လိုအပ်တာကို လာကြည့်ရင်း လွတ်သွားတာပါအေ'

'အဲဒီလိုအပ်တာကို အဝင်းတို့ နဲ့ လွှဲထားလိုက်ပေ့ါ၊ အဲဒါက အရေးကြီးတယ်'

'အေးပါ.. အေးပါ၊ နောက်ဆို သေသေချာချာ ကြည့်ထားပါ့မယ်'

ဒေါ်မှုံ၏ ဆောင့်ကြီးအောင့်ကြီးဖြေသံကို သူကြားလိုက်ရသည် ။ လင်းက ဒေါ်မှုံနှင့်စကားပြောရာတွင် အထူးပျော့ပျောင်းသလောက် ဒေါ်မှုံ၏ အသံမှာ မာမာထန်ထန် နိုင်လှသည် ။

လင်းပြေးထွက်လာသောအခါ စွမ်းပြည့်ကို တွေ့လိုက်ရ၍ ရုတ်တရက် ခြေလှမ်းတန့်သွား၏။

‘ဟော.. အစ်ကိုက သတင်းစာဖတ်နေတာကိုး ယူခဲ့လေ ကားပေါ်မှာဖတ်ပေါ့’

သူဘာမျှမပြောဘဲ ယူလာလိုက်သည် ။ လင်းက ကားဆီသို့ သွက်လက်သောခြေလှမ်းလေးနှင့် လှမ်းလာသည် ကို သူ့အမှတ်တမဲ့ ငေးကြည့်မိသည် ။

အဖျားချွန်သော တစ်လက်မအမြင့် ဖိနပ်ဖြူလေးက ခြေထောက်မှာ ကပ်၍ ပါလာသည် ကိုပင် သတိမထားမိနိုင်လောက်အောင် သွက်လက်လွန်းလှသည် ။

‘ဘယ်ကိုသွားမလဲ အစ်ကို’

‘ကိုယ့်အခန်းပဲ ပြန်သွားမယ်လေ၊ အဲဒီမှာ လိပ်စာတွေပါတယ်၊ လင်းအလျဉ်းသင့်သလို သွားပေးပါ’

‘အရေးကြီးတာ ရှိလား’

‘ဟင့်အင်း.. လင်းဆီကို အမိက အရေးအကြီးဆုံးပဲလေ’

‘ဟင်.. ဘာကိုလဲ’

‘အော်.. မြန်မာပြည်မှာ လူကြုံပစ္စည်းပေးရတဲ့ အထဲမှာ လင်းက အမိကပဲလို့ ’

ကျေနပ်စွာ ပြုံးလိုက်သည် ။

ကားလေးက ငြိမ့်ညောင်းစွာ ထွက်လာသောအခါ ခြံဝင်းတံခါးဝတွင် ထိုင်နေသော အသက် ၂၀အရွယ် လူငယ်လေးက သူမအား မျက်မှောင်

ကုတ်၍ ကြည့်ပြီး လှည့်ထွက်သွားသည် ကို သတိထားမိလိုက်သည် ။

'အိမ်ကြီးမှာ ဒေါ်မှုံရယ်၊ ဒရိုင်ဘာရယ်၊ ထမင်းချက်ကောင်မလေးရယ်၊ မာလီရယ်ပဲ ရှိတယ်၊ ဒေါ်မှုံကလွဲလို့ ကျန်တဲ့ အလုပ်သမားတွေက အသစ်တွေချည်းပဲ၊ ဒေါ်မှုံကိုပဲ အားကိုးနေရတာ သမီးကိုလဲ ပြောထားရတယ်၊ ဒေါ်မှုံကို မိဘလို သဘောထားပါလို့ လေ'

ဦးသက်ဦး၏ စကားကို ပြန်လည်ကြားယောင်မိသည် ။ ယခု သူမသိသော ဦးသက်ဦးပင် မသိသေးသော လူငယ်နှစ်ဦးကို တွေ့ရလေပြီ။

တစ်ဦးက စိုးရိမ်ကြောင့်ကြသော မိန်းကလေး…

တစ်ဦးက မှုန်တေတေ ဂျစ်တူးတူးနှင့်ကောင်ကလေး။

'အစ်ကိုက ဘာစဉ်းစားနေလဲ'

'ဟင်.. ဘာလို့ လဲ'

'ငြိမ်နေလို့ '

'စကားအစ ရှာမရသေးလို့ ပါ၊ အစ်ကို့အတွက်ကတော့ စဉ်းစားစရာ သိပ်မရှိသေးပါဘူး'

'လင်း.. အစ်ကို့ကို စိတ်ကြည်အောင်လို့ လူကြုံတွေဆီသွားရင်းက အပန်းဖြေရအောင် ပန်းခြံတွေဘက်ကို ကားလှည့်မောင်းပေးမယ်လေ'

'မလိုပါဘူးကွယ်၊ ကိုယ်ဘာမှ မပင်ပန်းခဲ့တာဘဲ၊ နောက်မှ ကိုယ့်ဘာသာကိုယ် သွားပါ့မယ်၊ လင်း အစ်ကို့ကို တကူးတကလိုက်ပို့ပေးတာကိုပဲ ကျေးဇူးတင်လှပါပြီ'

'ဟော.. ဟော.. လင်းနဲ့ အစ်ကိုကြားမှာ ကျေးဇူးဆိုတာ မပါဘူးလေ'

'အော်.. ဟုတ်သားပဲ'

‘အစ်ကိုက လင်းကို သူစိမ်းမိန်းကလေးတစ်ယောက်လို သဘောထားနေသေးလား’

‘လင်းဟာ ကိုယ့်ညီမအရွယ်ပါ၊ ညီမရှိတဲ့ အစ်ကိုတစ်ယောက်က ညီမအရွယ်တွေကို ချစ်ခင်တတ်ပါတယ်ကွယ်’

‘အဲဒါဆို ညီမလိုသဘောထားပြီး နေပေါ့၊ အစ်ကိုက စိမ်းသလိုပဲ’

‘ထင်လို့ ပါ၊ ကိုယ် ဒီလိုပဲနေတတ်တာ’

သူ ပြုံးလိုက်သည် ။ စိမ်းမနေဘဲ မနေ့ကတည်းက နေခြည်လင်းလဲ့ဟူသော မိန်းကလေးတစ်ယောက်၏ ချုပ်နှောင်မှုကို ခံရသဖြင့် အနားယူအိပ်စက်ရမည့် အချိန်များ ပင် လျော့နည်းသွားလေပြီ။

နောင်တွင် ဦးသက်ဦးနှင့် စကားပြောဖြစ်လျှင်..

‘ဦးသမီးကို ကျွန်တော်နှစ်သက်ပါတယ်’

ဟု ပွင့်လင်းစွာပြောရန် ဆုံးဖြတ်ထားပြီးဖြစ်သည် ။

***